APIAHF
ASIAN & PACIFIC ISLANDER AMERICAN HEALTH FORUM

အောက်တိုဘာလ ၂၀၂၃

# CDC ၏ Bridge Access ပရိုဂရမ်အကြောင်း မေးလေ့ရှိသောမေးခွန်းများ

ကျန်းမာရေးအာမခံမရှိသူများနှင့် ကျန်းမာရေးအာမခံအလုံအလောက်မရှိသူများအတွက် COVID-19 ကာကွယ်ဆေးများ ထိုးနှံနိုင်ရေး



## Bridge Access ပရိုဂရမ်ဆိုတာ ဘာလဲ။

ဤပရိုဂရမ်သည် ကျန်းမာရေးအာမခံမရှိသော (သို့မဟုတ်) ကျန်းမာရေးအာမခံတွင် COVID-19 ကာကွယ်ဆေး ကုန်ကျစရိတ်အားလုံး အကျုံးမဝင်သော (အသက် ၁၈ နှစ်နှင့်အထက်) အရွယ်ရောက်ပြီးသူများအား အခမဲ့ COVID-19 ကာကွယ်ဆေးများကို ပံ့ပိုးပေးပါသည်။



## ကျန်းမာရးအာမခံမရှိသောကလေးများ (သို့မဟုတ်) ကျန်းမာရေးအာမခံအလုံအလောက်မရှိသော ကလေးများအတွက်ရော ပံ့ပိုးပေးပါသလား။

အာမခံမရှိသည့် သို့မဟုတ် ဖက်ဒရယ်၏ အသိအမှတ်ပြု မျိုးနွယ်စုဝင်များဖြစ်သည့် အသက် 19 နှစ်အောက် ကလေးသူငယ်များကို ကလေးများအတွက်ကာကွယ်ဆေး (VFC) ပရိုဂရမ်က ကုန်ကျခံပေးပါမည်။



## လူနာတစ်ဦးသည် ဤပရိုဂရမ်တွင် မည်သို့စာရင်းသွင်းရမည်နည်း။

ဤပရိုဂရမ်မှ အခမဲ့ COVID-19 ကာကွယ်ဆေးများကို ရရှိရန် သတ်မှတ်ချက်ပြည့်မီသော လူကြီးများအတွက် ***စာရင်းသွင်းသည့်လုပ်ငန်းစဉ် မရှိပါ***။ ကာကွယ်ဆေးထိုးနှံပေးသူများသည် သတ်မှတ်ချက်ပြည့်မီခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် လူနာများအား ကျန်းမာရေးအာမခံ ရှိ၊ မရှိ မေးပါမည်။




## ဤပရိုဂရမ်မှ အခမဲ့ COVID-19 ကာကွယ်ဆေးများကို မည်သည့်နေရာတွင် ရရှိနိုင်သနည်း။

ဤပရိုဂရမ်မှပံ့ပိုးပေးသော အခမဲ့ COVID-19 ကာကွယ်ဆေးများကို ပရိုဂရမ်တွင်ပါဝင်ထားသော ဒေသတွင်းကျန်းမာရေးဝန်ဆောင်မှုပေးသူများ၊ ကျန်းမာရေးစင်တာများနှင့် ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။ ဆေးထိုးနှံရန်အတွက် တည်နေရာများကိုရှာဖွေရန် www.vaccines.gov သို့ ဝင်ရောက်လေ့လာပါ။



## ဤပရိုဂရမ်မှ အခမဲ့ COVID-19 ကာကွယ်ဆေးများကို မည်မျှကြာ ရရှိနိုင်မည်နည်း။

Bridge Access ပရိုဂရမ်သည် COVID-19 ကာကွယ်ဆေးများကို ၂၀၂၄ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့အထိ ပံ့ပိုးပေးပါမည်။

ပိုမိုဖတ်ရှုရန်အတွက် www.CDC.gov/vaccines/programs/bridge ဝက်ဆိုဒ်သို့ သွားရောက်လေ့လာပါ။

This publication was made possible by cooperative agreement CDC-RFA-IP21-2106 from the Centers for Disease Control and Prevention (CDC) of the U.S. Department of Health and Human Services (HHS). Its contents are solely the responsibility of the authors and do not necessarily represent the official views of CDC/HHS.